# တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ တို့ ချုပ်ဆိုကြသည့် တရုတ်-မြန်မာ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်

(နောင်တွင် စာချုပ်ဝင် နှစ်နိုင်ငံဟု ခေါ်ဆိုမည့်) တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့သည် –

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်အပေါ် အခြေပြုလျက် အိမ်နီးချင်းကောင်းပီသ၍ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတို့ကို ပိုမိုတိုးတက်ခိုင်မာစေရန် ဆန္ဒရှိ၍ တစ်ကြောင်း၊

နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို ပူးတွဲ၍ ထိန်းသိမ်းမြှင့်တင်ရန် လိုအပ်မှုရှိသည်ကို အသိအမှတ်ပြု၍ တစ်ကြောင်း၊

ငြိမ်းချမ်း၍ ချစ်ကြည်စွာ တည်ရှိနေသည့် နယ်စပ်သည် နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် နှစ်နိုင်ငံပြည်သူများ၏ စားဝတ်နေရေးနှင့် အပြန်အလှန် လည်ပတ်မှုများအား လွယ်ကူစေမည်ဖြစ်သည့်အပြင်၊ နှစ်နိုင်ငံအကြား အစဉ်အလာအားဖြင့် တည်ရှိနေသည့် ဆွေမျိုး ပေါက်ဖော် ချစ်ကြည် ရင်းနှီးမှုများအား ပိုမိုခိုင်မြဲစေမည်ဟု ယုံကြည်၍ တစ်ကြောင်း၊

အောက်ပါအတိုင်း သဘောတူကြသည်–

## အပိုင်း ၁

## အဓိပ္ပါယ်ဖော်ပြချက်များ

### အပိုဒ် ၁

ဤသဘောတူစာချုပ်တွင်–

၁။ "နယ်စပ်ဒေသများ" ဟူသည့် စကားရပ်သည် ဤသဘောတူစာချုပ်၏ နောက်ဆက်တွဲ(၁)တွင် သတ်မှတ်ဖော်ပြထားသော တရုတ်ဘက်ရှိ ကောင်တီများ/မြို့များ နှင့် မြန်မာဘက်ရှိ မြို့နယ်များအား ဆိုလိုသည်။

၂။ "နယ်စပ်တွင် နေထိုင်သူများ" ဟူသည့်စကားရပ်သည် စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင် အမြဲတမ်းနေထိုင်ကြသူများကိုဆိုလိုသည်။

၃။ "ဒေသဆိုင်ရာအာဏာပိုင်များ" ဟူသည့်စကားရပ်သည် နယ်စပ်ကိစ္စရပ်များအား ဖြေရှင်းရန် သက်ဆိုင်ရာ အစိုးရများက အာဏာအပ်နှင်းထားသည့် အပိုဒ်(၄)တွင် ဖေါ်ပြထား သော စာချုပ်ဝင်နှစ်နိုင်ငံ၏ အဆင့်နှစ်ဆင့်ဖြင့် သတ်မှတ်ထားရှိသော ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ များအား ဆိုလိုသည်။

၄။ "တာဝန်ထမ်းဆောင်နေသည့်ပုဂ္ဂိုလ်များ" ဟူသည့်စကားရပ်သည် စာချုပ်ဝင် နှစ်နိုင်ငံ က ခန့်အပ်ထားသည့် နယ်စပ်ဒေသကိုယ်စားလှယ်များ၊ နယ်စပ်ဒေသ ဒုတိယကိုယ်စားလှယ်များနှင့် ဆက်သွယ်ရေးအရာရှိများ၊ နယ်စပ်ဒေသ စစ်ဆေးခြင်း၊ အကောက်ခွန်၊ ကုန်ပစ္စည်းစစ်ဆေးခြင်း၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ကူးစက်တတ်သည့် ရောဂါမပြန့်ပွါးစေရန် သီးခြားထားခြင်း၊ တိရစ္ဆာန်နှင့်အပင်များအား ကူးစက်တတ်သည့်ရောဂါ မပြန့်ပွါးစေရန် သီးခြားထားခြင်း၊ လုပ်ငန်း များနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များ၊ အရာထမ်း များနှင့် ယဉ်ကျေးမှုဆိုင်ရာ အားကစားနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင် လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များအား ဆိုလိုသည်။

၅။ "နယ်နိမိတ်မြစ်များ" ဟူသည့်စကားရပ်သည် နယ်နိမိတ်မျဉ်းကြောင်း ဖြတ်သန်း သွားရာ မြစ်များ၊ ချောင်းများ၊ တူးမြောင်းများအား ဆိုလိုသည်။

## အပိုင်း ၂

## နယ်နိမိတ်ကြောင်း နယ်နိမိတ်မှတ်တိုင်များ အစထောက်အထား မှတ်တိုင်များနှင့် နယ်နိမိတ်အကိုးအကားအရာဝတ္ထုများအား ထိန်းသိမ်းရေး

### အပိုဒ် ၂

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တို့အကြား ၁၉၆၀ပြည့်နှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် နယ်နိမိတ် စာချုပ်နှင့်နှစ်နိုင်ငံနယ်နိမိတ်နှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့အကြား ၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ( ၁၃ ) ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည့် အခြေပြစာချုပ်နှင့် ယင်းအခြေပြစာချုပ်တွင် ပူးတွဲထားရှိသော မြေပုံများနှင့်အညီ တရုတ်နှင့်မြန်မာနိုင်ငံတို့အကြား နယ်နိမိတ်ကို သတ်မှတ်ပြီးဖြစ်သည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံသည် နှစ်နိုင်ငံအကြား နယ်နိမိတ်မျဉ်းကြောင်းနှင့် နယ်နိမိတ် သင်္ကေတများအား လေးစားလိုက်နာကြောင်း ထပ်လောင်းအတည်ပြုကြသည်။

## အပိုဒ် ၃

စာချုပ်ဝင်နှစ်နိုင်ငံသည် အောက်ဖော်ပြပါသဘောတူစာချုပ်များ၏ ပြဋ္ဌာန်းချက်များနှင့်အညီ နယ်နိမိတ်ကြောင်း၊ နယ်နိမိတ်မှတ်တိုင်များ၊ နယ်နိမိတ်အထောက်အထားမှတ်တိုင်များနှင့် နယ်နိမိတ်အကိုးအကားအရာဝတ္ထုများအား ထိန်းသိမ်းရမည်–

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တို့အကြား၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ သည့် နယ်နိမိတ်စာချုပ်၊

(ခ) နှစ်နိုင်ငံ နယ်နိမိတ်နှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ တို့အကြား ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည့် အခြေပြစာချုပ်နှင့် ယင်း အခြေပြစာချုပ်တွင် ပူးတွဲထားရှိသောမြေပုံများ၊

(ဂ) တရုတ်–မြန်မာနယ်နိမိတ် ပထမအကြိမ် ပူးတွဲစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ တို့အကြား ၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ သည့် အခြေပြစာချုပ်နှင့် ယင်းအခြေပြစာချုပ်တွင် ပူးတွဲထားရှိသော မြေပုံများ၊

(ဃ) တရုတ်–မြန်မာ နယ်နိမိတ် ဒုတိယအကြိမ် ပူးတွဲစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့အကြား ၁၉၉၅ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အခြေပြစာချုပ် နှင့် ယင်းအခြေပြစာချုပ်တွင် ပူးတွဲထားရှိသော မြေပုံများ၊

## အပိုင်း ၃

## ဒေသဆိုင်ရာအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများနှင့်ဆက်သွယ်ရေးစနစ်

## အပိုဒ် ၄

၁။ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မြဲစေရန် ရည်ရွယ်၍ ဤနယ်စပ်ဒေသများတွင် ဒေသဆိုင်ရာ အာဏာပိုင်များသည် စာချုပ်ဝင် နှစ်နိုင်ငံအကြား ဆက်သွယ်ရေးစနစ်တစ်ရပ်ကို တည်ထောင်ရမည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာ အာဏာပိုင်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

| တရုတ်ဘက် | မြန်မာဘက် |
|---|---|
| ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသဆိုင်ရာအာဏာပိုင်များ | ပြည်နယ်/တိုင်းအဆင့် အာဏာပိုင်များ |
| ကောင်တီ/မြို့အဆင့်အာဏာပိုင်များ | ခရိုင်/မြို့နယ်အဆင့်အာဏာပိုင်များ |

၃။ ဒေသဆိုင်ရာအာဏာပိုင်များ၏လုပ်ငန်းတာဝန်များသည်အောက်ပါအတိုင်းဖြစ်သည်–

(က) သက်ဆိုင်ရာအစိုးရများမှ ထုတ်ပြန်သည့် ဤသဘောတူစာချုပ်နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များအား အကောင်အထည်ဖော်ရန်၊

(ခ) စာချုပ်ဝင်နိုင်ငံအသီးသီး၏ စီရင်ပိုင်ခွင့်အတွင်းတွင် နယ်နိမိတ်မှတ်တိုင်များ၊ အထောက်အထား မှတ်တိုင်များနှင့် အကိုးအကားအရာဝတ္ထုများ စစ်ဆေးရန်နှင့် ယင်းကဲ့သို့ စစ်ဆေးခြင်းဆိုင်ရာ အစီရင်ခံစာအား သက်ဆိုင်ရာ စာချုပ်ဝင် နိုင်ငံ၏ အထက်အာဏာပိုင်များထံ တင်ပြရန်၊

(ဂ) နယ်စပ်ဒေသဖြတ်သန်းခြင်း၊ နယ်စပ်ဒေသများတွင် ထုတ်လုပ်မှုနှင့် အခြားဆောင်ရွက်မှုများအားစီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်းသောစည်းမျဉ်းများသတ်မှတ်ပြဋ္ဌာန်းရန်၊

(ဃ) နယ်စပ်ဒေသများတွင်ဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရန်နှင့်စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ၏ နယ်နိမိတ်အား ကျော်လွန်လာသည့် ပြစ်မှုများမပြန့်ပွားစေရန် ကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အခြားနယ်စပ်ဒေသကိစ္စရပ်များအား တိုင်ပင်ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရန်၊

၄။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာ အာဏာပိုင်များသည် လိုအပ်သည့်အခါ ပုံမှန်ဆွေးနွေးပွဲများ ကျင်းပရမည်။ ဆွေးနွေးပွဲများတွင် ဆွေးနွေးရန် အချက်အလက်များ၊ ဆွေးနွေးပွဲကျင်းပမည့် အချိန်နှင့်နေရာတို့အား စာချုပ်ဝင်နှစ်နိုင်ငံ နယ်စပ်လူဝင်လူထွက် နေရာဌာန ထိန်းချုပ်မှုဆိုင်ရာ အာဏာပိုင်များ၊ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ အချင်းချင်း ဆက်သွယ်၍ ကြိုတင်သတ်မှတ်ရမည်။

၅။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာအာဏာပိုင်များသည် သက်ဆိုင်ရာ အစည်းအဝေး၏ မိမိတို့ဆိုင်ရာမှတ်တမ်းများအား ထိန်းသိမ်းရမည်။ အရေးကြီးသည့် ကိစ္စရပ်များအပေါ်သဘောတူညီချက်ရရှိသည့်အခါ သဘောတူညီချက် အကျဉ်းချုပ် မှတ်တမ်းပြုစုထားရမည်။ သဘောတူညီချက်အကျဉ်းချုပ်အား မြန်မာဘာသာ၊ တရုတ်ဘာသာ နှစ်ဘာသာဖြင့် မူရင်း၂စုံ ပြုလုပ်ရမည့်အပြင် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ အထက် အာဏာပိုင်များထံတင်ပြရမည်။

## အပိုဒ် ၅

နေ့စဉ်ပေါ်ပေါက်လျက်ရှိသည့် နယ်စပ်ဒေသကိစ္စရပ်များအား လျင်မြန်ထိ ရောက်စွာ စီမံခန့်ခွဲနိုင်စေရန်အလို့ငှါ နယ်စပ်ဒေသကိုယ်စားလှယ်များအကြား အစည်းအဝေးများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ဒုတိယကိုယ်စားလှယ်များနှင့်ဆက်သွယ်ရေးအရာရှိများအကြား အစည်းအဝေးများအား ကျင်းပရမည်။ နယ်စပ်ဒေသကိုယ်စားလှယ်နှင့် နယ်စပ်ဒေသ ဒုတိယ ကိုယ်စားလှယ်များအား သက်ဆိုင်ရာနိုင်ငံ အစိုးရ၏ အာဏာပိုင်များက ခန့်အပ်ရမည်။ ဆက်သွယ်ရေးအရာရှိများအား နယ်စပ်ဒေသကိုယ်စားလှယ်များက ခန့်အပ်ရမည်။

## အပိုဒ် ၆

နှစ်နိုင်ငံနယ်စပ်ဒေသရှိ တချုပ်ဝင်နှစ်နိုင်ငံ၏ သက်ဆိုင်ရာဌာနများ (အကောက်ခွန်၊ ကုန်ပစ္စည်းစစ်ဆေးရေး၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ ကူးစက်တတ်သည့် ရောဂါမပြန့်ပွါးစေရန် အတွက် သီးခြားထားရေး၊ တိရစ္ဆာန်နှင့်အပင်များအား ကူးစက် တတ်သည့် ရောဂါမပြန့်ပွားစေရန် သီးခြားထားရေး၊ နယ်စပ်ထိန်းချုပ်ရေးစသည်ဖြင့်) သည် အချင်းချင်း တရားဝင်ဆက်သွယ်မှုများ ပြုလုပ်နိုင်သည်။ နယ်စပ်ဒေသ ကိုယ်စားလှယ်များအကြား ကျင်းပသည့် အစည်းအဝေးများ၏ဘောင် အတွင်းတွင် နှစ်နိုင်ငံ နယ်စပ်ဒေသရှိ သက်ဆိုင်ရာဌာနများသည် အစည်းအဝေးများကျင်းပပြီး အမြင်ချင်းလည်း ဖလှယ်နိုင်သည်။

## အပိုဒ် ၇

နှစ်နိုင်ငံဒေသဆိုင်ရာအာဏာပိုင်များနှင့် နယ်စပ်ဒေသကိုယ်စားလှယ်များသည် သက် ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ်များသို့မဟုတ် ကျွမ်းကျင်သူများအား ယင်းတို့အကြား ပြုလုပ်မည့် အစည်းအဝေးသို့ လိုအပ်လျှင် ကြိုတင်အသိပေး၍ ခေါ်ဆောင်လာနိုင်သည်။ အစည်းအဝေးကို နှစ်ဦး နှစ်ဘက်စလုံးက လိုအပ်သည်ဟု ယုံကြည်ဆုံးဖြတ်သည့်အချိန်တွင် လည်းကောင်း၊ တစ်ဘက်ဘက် ၏ မေတ္တာရပ်ခံချက်အရလည်းကောင်း ကျင်းပရမည်။

## အပိုဒ် ၈

တချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာဌာနများ သည် ယင်းတို့၏ လုပ်ပိုင်ခွင့်ဘောင်ထက်ကျော်လွန်သည့် နယ်စပ်ဒေသကိစ္စရပ်များအား သက်ဆိုင်ရာ အစိုးရများထံသို့ အစီရင်ခံရမည်။

## အပိုင်း ၄

## နယ်စပ်ဒေသများတွင် ဆောင်ရွက်မှုများ

### အပိုဒ် ၉

စာချုပ်ဝင်နှစ်နိုင်ငံသည် ဤသဘောတူစာချုပ်၏ အပိုဒ် ၃တွင် ဖော်ပြထားသည့် သဘောတူစာချုပ်များနှင့်အညီ နယ်နိမိတ်မြစ်များ၏ မြစ်ကြောင်း ပြောင်းလဲမှုအား တားဆီးရမည့်အပြင် နယ်နိမိတ်မြစ်များအတွင်း နယ်နိမိတ်ကြောင်း သတ်မှတ် ထားရှိမှုများကို ထိန်းသိမ်းရမည်။

### အပိုဒ် ၁၀

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် တန်းတူရည်တူရှိမှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုနှင့် တစ်နိုင်ငံ၏အကျိုးစီးပွားများအပေါ် တစ်နိုင်ငံက အပြန်အလှန်လေးစားမှုတို့အား အခြေခံလျက် နယ်နိမိတ်မြစ်ရေသုံးစွဲခြင်းကိစ္စနှင့် စပ်လျဉ်း၍ သီးခြားညှိနှိုင်းမှုများ ပြုလုပ်ရမည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံမှ အဆိုပြုသည့် နယ်နိမိတ် မြစ်များတွင် ဆောင်ရွက်မည့် စီမံကိန်းများသည် နယ်နိမိတ်မြစ်များ၏ မြစ်ကြောင်းအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်မည်ဖြစ်လျှင်၊ စာချုပ်ဝင်တစ်နိုင်ငံသည် သံတမန် ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အခြားစာချုပ်ဝင်နိုင်ငံသို့ ကြိုတင်၍ ညှိနှိုင်းတိုင်ပင်ရမည်။

၃။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်နိမိတ်မြစ်များ၏ သန့်ရှင်းမှု ထိန်းသိမ်းရန်နှင့် ညစ်ညမ်းမှုမရှိစေရန်တို့အတွက် နည်းလမ်းများအား ချမှတ်လုပ်ဆောင်ရမည်။

### အပိုဒ် ၁၁

စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်ဒေသများရှိ သက်ရှိသတ္တဝါနှင့် သစ်ပင်တို့၏ အလေ့အထများနှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင်အား ကာကွယ်ရန်နှင့် မြေပြင်၊ မြေဆီမြေသြဇာ နှင့် လေထုညစ်ညမ်းမှုတို့အား ကာကွယ်ရန်အလို့ငှါ နယ်နိမိတ်နှင့် ဆက်စပ် နေသော ဒေသများတွင် အဆိပ်ရှိသည့် ညစ်ညမ်းစေသော အရာများအား သိုလှောင်ထားခြင်း၊ သို့မဟုတ် ပျံ့နှံ့စေခြင်းအား တားမြစ်ရန် ဆောင်ရွက်ပေးရမည်။

## အပိုဒ် ၁၂

စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံသည် နယ်နိမိတ်အနီးတွင် တွေ့ရှိသည့် မည်သည့်ပစ္စည်းဖြစ်သည်ဟူ၍ မခွဲခြားနိုင်သည့် အရာဝတ္ထု သို့မဟုတ် တိရစ္ဆာန် အသေကောင်များ၏ ပိုင်ဆိုင်မှုကို ဆုံးဖြတ်နိုင်ရန် ဆောင်ရွက်ပေးရမည်။ လိုအပ်လာသည့်အခါ အခြားစာချုပ်ဝင်နိုင်ငံ၏ ဒေသဆိုင်ရာအာဏာပိုင်များအား အကြောင်းကြား၍ ယင်းအာဏာပိုင် များက ပိုင်ဆိုင်မှုအား ဆုံးဖြတ်ရန် ပူးတွဲစစ်ဆေးခြင်းနှင့်လည်းကောင်း၊ ယင်းအရာဝတ္ထုအား လွှဲပြောင်းပေးခြင်းနှင့်လည်းကောင်း စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအား ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အပိုဒ် ၁၃

စာချုပ်ဝင်နှစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင် နေထိုင်သူများအား ယင်းတို့၏ တိရစ္ဆာန်များ နယ်နိမိတ်အား ဖြတ်ကျော်၍ စားကျက်လှည့်ခြင်း၊ အခြားစာချုပ်ဝင်နိုင်ငံ၏ နယ်မြေသို့ ဝင်ရောက်စေခြင်းတို့ ခွင့်မပြုရ၊ ယင်းတိရစ္ဆာန်များမှ အမှတ်မထင် ဝင်ရောက်ခဲ့လျှင်၊ အခြားစာချုပ်ဝင်နိုင်ငံသည် ယင်းတိရစ္ဆာန်များအား ထိုနေရာမှပင် ပြန်မောင်းထုတ်ရန် သို့မဟုတ် အခြားနေရာမှ မောင်းထုတ်ရန် ချက်ချင်း ဆောင်ရွက်ရမည်။

## အပိုဒ် ၁၄

စာချုပ်ဝင်နှစ်နိုင်ငံ၏ နယ်နိမိတ်ဒေသများရှိ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာဌာနများသည် နယ်စပ်ဒေသတွင် နေထိုင်သူများမှ နယ်နိမိတ်အား ဖြတ်သန်း၍ သစ်ပင် ခုတ်လှဲခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း သို့မဟုတ် အမဲလိုက်ခြင်း မပြုလုပ်စေရန် တားမြစ်ရမည်။ စာချုပ်ဝင်နှစ်နိုင်ငံသည် အဖိုးတန်တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းရန်နှင့် တစ်နိုင်ငံ၏ နယ်မြေမှ တောရိုင်းတိရစ္ဆာန်များအား အခြားနိုင်ငံ၏ နယ်မြေသို့ သယ်ဆောင်သွားရန် ရည်ရွယ်သည့် လုပ်ဆောင်မှုမျိုးအား တားမြစ်ရန် လိုအပ်သည့် ဆောင်ရွက်မှုများအား ချမှတ်ဆောင်ရွက်ရမည်။

## အပိုဒ် ၁၅

စာချုပ်ဝင်တစ်နိုင်ငံသည်နယ်နိမိတ်အနီး ကောင်းကင်ဓါတ်ပုံရိုက်ရန် သို့မဟုတ် ကောင်းကင်မှသယ်ဓာတအလားအလာဖေါ်ထုတ် ဆောင်ရွက်ရန် ရည်ရွယ်လျှင် ယင်းစာချုပ်ဝင်နိုင်ငံသည် အနည်းဆုံး ၁၅ရက်ကြိုတင်၍ သံတမန်ဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် အခြားစာချုပ်ဝင်နိုင်ငံသို့ အကြောင်းကြားရမည်။ အထက်ဖေါ်ပြပါ ဆောင်ရွက်ရန်အတွက် အခြားစာချုပ်ဝင်နိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ရန်လိုအပ်ပါက ယင်းစာချုပ်ဝင်နိုင်ငံ အစိုးရ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

## အပိုဒ် ၁၆

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် မိမိနိုင်ငံ၏ လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ရန်မှအပ နယ်နိမိတ်မျဉ်း၏ တစ်ဘက်တစ်ချက် မီတာ ၂၀၀၀ အတွင်း စစ်ရေးလေ့ကျင့်မှုများ မပြုလုပ်ရ။

၂။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်နိမိတ်အား ဖြတ်ကျော်၍ လက်နက်ဖြင့် ပစ်ခတ်ခြင်း မပြုရ၊ နယ်နိမိတ်မျဉ်းအနီး ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ ဖေါက်ခွဲရန် လိုအပ်ခဲ့လျှင် အခြားစာချုပ်ဝင်နိုင်ငံအား အနည်းဆုံး ၂၄ နာရီကြိုတင်၍ အကြောင်း ကြားရမည်။

၃။ စာချုပ်ဝင်နှစ်နိုင်ငံ၏ အရာရှိများသည် အခြားစာချုပ်ဝင်နိုင်ငံ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ငြိမ်ဝပ်ပိပြားမှု ပူးတွဲထိန်းသိမ်းရန် ကိစ္စများမှတပါး လက်နက်များ၊ ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများအားသယ်ဆောင်၍ အခြား စာချုပ်ဝင်နိုင်ငံ၏ နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းမပြုရ။

## အပိုဒ် ၁၇

၁။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံသည် နယ်စပ်ဒေသများတွင် ဘူမိဗေဒ စူးစမ်းရှာဖွေခြင်း သို့မဟုတ် သတ္တုတူးဖေါ်ခြင်းတို့ကို ယင်းနိုင်ငံ၏ နယ်နိမိတ်မျဉ်းမှ မီတာ ၅၀၀ အကွာ အဝေးတွင် ဆောင်ရွက်ရမည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံအနေဖြင့် နယ်နိမိတ်မျဉ်းမှ မီတာ ၅၀၀ အကွာ အဝေးအတွင်း ဘူမိဗေဒစူးစမ်းရှာဖွေခြင်း သို့မဟုတ် သတ္တုတူးဖေါ်ခြင်း ဆောင်ရွက်ရန် ရည်ရွယ်ပါက စာချုပ်ဝင်နှစ်နိုင်ငံသည် အပြန်အလှန် အကျိုးဖြစ်ထွန်းမှု၊ တစ်နိုင်ငံ၏ အကျိုးစီးပွားအပေါ် တစ်နိုင်ငံက အပြန်အလှန်လေးစားမှုအား အခြေခံ၍ ညှိနှိုင်းဆွေးနွေးမှုများဖြင့် အစီအစဉ်များ ပြုလုပ်ရမည်။

## အပိုဒ် ၁၈

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်နိမိတ်မျဉ်းမှ မီတာ ၅၀၀ အကွာအဝေးအတွင်း မြေရိုင်းတွင်ရှိနေသည့် မြက်များအား မီးရှို့ခြင်းမပြုရ။

၂။ စာချုပ်ဝင်နှစ်နိုင်ငံသည် သစ်တောများ ကာကွယ်စောင့်ရှောက်ရန်နှင့် နယ်နိမိတ်အနီးမီးလောင်မှု ကာကွယ်စောင့်ရှောက်ရန် ပူးပေါင်းမှုအစီအမံများ ချမှတ်ခြင်းနှင့် နယ်နိမိတ်အနီး ချုံပုတ်များမှ မီးလောင်မှုများအား အခြားနိုင်ငံ၏ နယ်မြေသို့ မပျံ့နှံ့စေခြင်းတို့အတွက် ဆောင်ရွက်ရမည်။ မီးလောင်မှုဖြစ်ပွါးသည့်အခါ နှောင့်နှေးမှုမရှိစေဘဲ ငြိမ်းသတ်ရမည်။ မီးလောင်မှုသည် နယ်နိမိတ်ကို ကျော်လွန်၍ အခြားနိုင်ငံသို့ ပျံ့နှံ့နိုင်ရန် အကြောင်းရှိသည်ဟု ထင်မြင်ယူဆခဲ့လျှင် မီးလောင်မှုဖြစ်ပွားသည့် စာချုပ်ဝင်နိုင်ငံသည် အခြားစာချုပ်ဝင် နိုင်ငံသို့ချက်ချင်းအကြောင်းကြား

ရမည်။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံမှ တောင်းခံလာပါက အခြားစာချုပ်ဝင်နိုင်ငံသည် နှောင့်နှေးမှုမရှိစေဘဲ မီးငြိမ်းသတ်ရန် အတတ်နိုင်ဆုံး ကူညီရမည်။

## အပိုဒ် ၁၉

၁။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံသည် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်တတ်သည့်ရောဂါများနှင့် အပင်ရောဂါများအား နယ်နိမိတ်အနီး ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့လျှင် အခြားစာချုပ်ဝင်နိုင်ငံသို့ ချက်ချင်းအကြောင်းကြားရမည်။ စာချုပ်ဝင်နှစ်နိုင်ငံသည် ယင်းရောဂါများ ပျံ့နှံ့ခြင်းအား ပူးတွဲကာကွယ်ရန် သီးခြား သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်သည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင်ရှိ လူများနှင့် တိရစ္ဆာန်များတွင် ကူးစက်ရောဂါများဖြစ်ပွါးခဲ့လျှင် ယင်းစာချုပ်ဝင်နိုင်ငံ၏ ဒေသဆိုင်ရာ အာဏာပိုင်များသည် ကူးစက်ရောဂါများကာကွယ်ရန် ချက်ချင်း ဆောင်ရွက်ရမည့်အပြင်နယ်စပ်ဒေသဖြတ်သန်းခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးတို့ကို ယာယီဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများ ပြုလုပ်မည့်အကြောင်း အခြားနိုင်ငံ၏ ဒေသဆိုင်ရာအာဏာပိုင်များသို့ အသိပေးရမည်။ ယင်းသို့ပြုလုပ်ရန် ရည်ရွယ်သည့်စာချုပ်ဝင်နိုင်ငံသည် ယင်းသို့ဆောင်ရွက်ခြင်း မပြုမီ ၂၄ နာရီထက်မနည်း ကြိုတင်၍ အခြားစာချုပ်ဝင်နိုင်ငံသို့ အကြောင်းကြားရမည်။ စာချုပ်ဝင်နိုင်ငံများအနက် တစ်နိုင်ငံက အကူအညီပေးရန်တောင်းခံလာပါက အခြားစာချုပ်ဝင်နိုင်ငံသည် တောင်းခံလာသည့် အကူအညီကိုအတတ်နိုင်ဆုံးပေးရမည်။

၃။ ဖျားနာခြင်း သို့မဟုတ် မတော်တဆ ဖြစ်ခြင်းကြောင့် အရေးပေါ် ဆေးဝါးကုသမှုလိုအပ်ခဲ့လျှင် စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံ၏နယ်စပ်တွင် နေထိုင်သူများသည် အခြားနိုင်ငံ၏ အနီးဆုံးကျန်းမာရေး ဆေးခန်းသို့ အကူအညီတောင်းရန် တိုက်ရိုက် ဆက်သွယ်နိုင်သည်။

၄။ စာချုပ်ဝင်နှစ်နိုင်ငံအနက် တစ်နိုင်ငံသည် ယင်းနိုင်ငံနယ်နိမိတ်မျဉ်းတွင် မည်သူမည်ဝါဟု မပြောနိုင်သည့် အလောင်းတစ်လောင်း တွေ့ရှိခဲ့လျှင် ယင်းအလောင်းအား မည်သူမည်ဝါဟူ၍ ထုတ်ဖေါ်ပြောဆိုနိုင်ရန် အခြားစာချုပ်ဝင်နိုင်ငံသို့ အသိပေးရမည့်အပြင်၊ မေတ္တာရပ်ခံခြင်းခံရသည့် စာချုပ်ဝင်နိုင်ငံသည် အလောင်းအား မည်သူမည်ဝါဖြစ်ကြောင်း စိစစ်၍ ချက်ချင်းဆောင်ရွက်ပေးရမည်။ မေတ္တာရပ်ခံခြင်းခံရသည့် စာချုပ်ဝင်နိုင်ငံသည် ၄၈နာရီအတွင်း အလောင်းအား မည်သူမည်ဝါဟူ၍ စိစစ်ခြင်းမပြုနိုင်လျှင် မေတ္တာရပ်ခံသည့် စာချုပ်ဝင်နိုင်ငံသည် အလောင်းတွေ့ရှိသည့်နေရာတွင် အလောင်းအား ရှင်းလင်းနိုင်သည့်အပြင် အခြားစာချုပ်ဝင်နိုင်ငံသို့ သက်သေခံချက်အနေဖြင့် ရှင်းလင်းသည့် အစီရင်ခံစာတစ်စောင် ထုတ်ပေးနိုင်သည်။

၅။ စာချုပ်ဝင်နှစ်နိုင်ငံ၏ နယ်စပ်တွင် နေထိုင်သူများသည် နယ်နိမိတ်အား ဖြတ်သန်း၍ လူသေအလောင်းများအား မြှုပ်နှံသင်္ဂြိုဟ်ခြင်း မပြုရ။

## အပိုင်း ၅

## နယ်စပ်ဒေသဖြတ်သန်းခြင်း နှင့် နယ်စပ်ဒေသများတွင် ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းခြင်း

### အပိုဒ် ၂၀

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်တွင် နေထိုင်သူများအား ဒေသထုတ် ကုန်ပစ္စည်းများ ဖလှယ်နိုင်ရန်၊ နယ်စပ်ဒေသတစ်လျှောက် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အားကစားမှုများ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်နိုင်ရန် အားပေးချီးမြှင့်ရမည်။ နှစ်နိုင်ငံ နယ်စပ်တွင် နေထိုင်သူများအား ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များ၊ လူမှုရေးဆိုင်ရာ လည်ပတ်မှုများ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ စီးပွားရေးဆောင်ရွက်မှုများ သို့မဟုတ် တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များအတွက် သတ်မှတ်ထားသော လူဝင်/လူထွက် နေရာဌာနများနှင့် ယာယီဖြတ်သန်းခွင့်ပြုရာ နေရာများအား ဖြတ်သန်းနိုင်ရန် ခွင့်ပြုရမည်။

၂။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ သို့မဟုတ် နယ်စပ်တွင် နေထိုင်သူများအား နှစ်ဖက်သဘောတူ သွားလာဝင်ထွက်ခွင့် လက်မှတ်များဖြင့် သတ်မှတ်ထားသည့် လူဝင်/လူထွက်နေရာဌာနများ နှင့် ယာယီ ဖြတ်သန်းခွင့်ပြုရာ နေရာများအား ဖြတ်သန်း၍သွားလာနိုင်ရန် သဘောတူကြသည်–

(က) သွားလာဝင်ထွက်ခွင့်လက်မှတ်တွင် ကိုင်ဆောင်သူ၏ အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ နယ်စပ်အား ဖြတ်သန်းရသည့် အကြောင်းကိစ္စ၊ သွားရောက်မည့်မြို့ သို့မဟုတ် ထွက်ခွာမည့်မြို့၊ ခရီးစဉ်ဆုံးသည့်မြို့၊ သွားလာဝင်ထွက်ခွင့်လက်မှတ် ခိုင်လုံ၍ အတည်ဖြစ်သည့် သက်တမ်းနှင့် ကိုင်ဆောင်သူ၏ ဓါတ်ပုံပါဝင်ရမည်။

(ခ) သွားလာဝင်ထွက်ခွင့်လက်မှတ်ကို တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ နယ်စပ်ဒေသတွင် နေထိုင်သူများကိုသာ နယ်စပ်ဒေသတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ထုတ်ပေးရမည်။

(ဂ) အသက်(၁၆)နှစ်အောက်ရှိသူ တစ်ဦးဦးသည် နယ်စပ်ဒေသသွားလာဝင်ထွက်ခွင့် လက်မှတ် ကိုင်ဆောင်သူများနှင့်အတူ လိုက်ပါ၍ နယ်စပ်ဒေသအား ဖြတ်သန်း၍ သွားလာနိုင်သည်။ သွားလာဝင်ထွက်ခွင့်လက်မှတ်တွင် အတူလိုက်ပါသူ အရေအတွက်၊ အမည်၊ အသက်တို့ကို ရေးသား ဖော်ပြထားရမည်။

(ဃ) တရုတ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသော သွားလာဝင်ထွက်ခွင့်လက်မှတ်ကို နှစ်နိုင်ငံ၏ အခွင့်ရအာဏာပိုင်များက ပြုလုပ်၍ ထုတ်ပေးရမည်။

၃။ စာချုပ်ဝင်နှစ်နိုင်ငံသည် သွားလာဝင်ထွက်ခွင့် လက်မှတ်ပုံစံများကို အတည်ပြု ပေးနိုင်ရေးနှင့် အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရေးတို့အတွက် သံတမန်ဆက်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် အချင်းချင်းပေးပို့ထားရမည်။

၄။ စာချုပ်ဝင်နှစ်နိုင်ငံသည် တစ်ဖက် စာချုပ်ဝင်နိုင်ငံ၏ ခွင့်ပြုချက်မရရှိဘဲ အခြားစာချုပ်ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ မော်တော်ယာဉ်များ သို့မဟုတ် ရေယာဉ်များဖြင့် ဝင်ရောက်ခြင်း မပြုရ။ နယ်စပ်ဒေသကို ဖြတ်ကျော်ရန် ခွင့်ပြုချက်ရရှိပြီးသော မော်တော်ယာဉ်များ သို့မဟုတ် ရေယာဉ်များသည်မိုင်လုံ၍ အတည်ဖြစ်သော စာရွက်စာတမ်းများ ပါရှိရမည်ဖြစ်ပြီး၊ သတ်မှတ်ထားသော လူဝင်/လူထွက် နေရာဌာနများနှင့် ကူးတို့ကူးသည့် နေရာများကို ဖြတ်သန်းရမည်။ စာချုပ်ဝင်နှစ်နိုင်ငံ၏ သက်ဆိုင်ရာဌာနများမှ ကြည့်ရှုစစ်ဆေး ကွပ်ကဲခြင်းကို ခံယူရမည်။

(က) မော်တော်ယာဉ်ဖြင့် နယ်စပ်ဒေသဖြတ်ကျော်ခြင်းအတွက် မော်တော်ယာဉ်အမျိုးအစား၊ အရောင်၊ အင်ဂျင်အမှတ်၊ ကိုယ်ထည်အမှတ်နှင့် မှတ်ပုံတင်အမှတ်တို့ကို ပေးအပ်ရမည်။

(ခ) ရေယာဉ်ဖြင့် နယ်စပ်ဒေသဖြတ်ကျော်ခြင်းအတွက် ရေယာဉ်ဝန်ထမ်းများ၏ သက်သေခံကဒ်ပြား၊ ရေယာဉ်၏ မှတ်ပုံတင်လက်မှတ်နှင့် သယ်ဆောင်နိုင်သော တန်ချိန်ဝန်အား ခွင့်ပြုလက်မှတ်တို့ကို ပေးအပ်ရမည်။

၅။ စာချုပ်ဝင်တစ်နိုင်ငံ၏ တာဝန်ထမ်းဆောင်နေသော ပုဂ္ဂိုလ်များနှင့် နယ်စပ်ဒေသတွင်နေထိုင်သူများသည် အခြားစာချုပ်ဝင်နိုင်ငံ၏ နယ်မြေအတွင်း ရောက်ရှိနေစဉ်တွင် ယင်းနိုင်ငံ၏ ပြည်တွင်းဥပဒေများကို လိုက်နာရမည်။ ယင်းတို့၏တရားဝင် အခွင့်အရေးများ နှင့် အကျိုးစီးပွါးများကိုလည်း အခြားစာချုပ်ဝင်နိုင်ငံမှ ကာကွယ်စောင့်ရှောက်ရမည်။

၆။ တတိယနိုင်ငံ တစ်နိုင်ငံမှ နိုင်ငံသားများသည် ဤသဘောတူစာချုပ်ဖြင့် ပြဋ္ဌာန်းထားသော လူဝင်/လူထွက် နေရာဌာနများသို့ ဝင်ရောက်ခြင်း၊ ယင်းတို့မှ ထွက်ခွါခြင်းသည်၊ စာချုပ်ဝင် နှစ်နိုင်ငံ၏ သဘောတူချက်၊ သို့မဟုတ် အထူးအစီအစဉ်များကို လိုက်နာရမည်။

## အပိုဒ် ၂၁

၁။ တရုတ်-မြန်မာနယ်စပ်ဒေသတစ်လျှောက်ရှိ အောက်ပါတို့အား စာချုပ်ဝင် နှစ်နိုင်ငံ၏ လူဝင်/လူထွက် နေရာဌာနများအဖြစ် နှစ်နိုင်ငံစလုံးမှ သတ်မှတ်ရမည်-

| တရုတ်ဘက်မှ | မြန်မာဘက်မှ |
|---|---|
| ရွှေလီ | မူဆယ် |
| ဝမ်တိန် | ကြူကုတ် |
| မန်တိန်း(ချင်းရွှေဟော်) | ချင်းရွှေဟော် |
| ဟွဂျိုး | ကန်ဘိုက်တီး |
| တာ့လော် | မိုင်းလား |
| ကျုန်းဖန် | လွယ်ဂျယ် |
| နမ့်ဆန် | ရန်လုံကြိုင် |
| နောင်ဒါအို | နန်းခမ်း |

၂။ အထက်ဖော်ပြပါ စာပိုဒ်တွင် သတ်မှတ်ဖော်ပြထားသော လူဝင်လူထွက် နေရာဌာနများ အနက် –

(က) စာချုပ်ဝင်နှစ်နိုင်ငံမှ ထုတ်ပေးထားသည့် နိုင်လုံ၍အတည်ဖြစ်သော နိုင်ငံကူးလက်မှတ်များနှင့် ပြည်ဝင်ဗီဇာ သို့မဟုတ် သွားလာဝင်ထွက်ခွင့် လက်မှတ်ကိုင်ဆောင်ထားသော စာချုပ်ဝင်နှစ်နိုင်ငံ၏ နိုင်ငံသားများ၊ နိုင်လုံ၍အတည်ဖြစ်သော နိုင်ငံကူးလက်မှတ်များနှင့် ပြည်ဝင်ဗီဇာ သို့မဟုတ် နိုင်လုံ၍အတည်ဖြစ်သော နိုင်ငံတကာခရီးသွားလက်မှတ်များ ကိုင်ဆောင်ထားသော တတိယနိုင်ငံ၏ နိုင်ငံသားများနှင့် ကုန်ပစ္စည်းများကို၊ ရွှေလီ–မူဆယ်၊ ဝမ်တိန်–ကြူကုတ်နှင့် တာ့လော်–မိုင်းလား လူဝင်/လူထွက် နေရာဌာနများမှတဆင့် နယ်စပ်ဒေသဖြတ်ကျော်ခွင့်ပြုရမည်။

(ခ) နယ်စပ်ဒေသ သွားလာဝင်ထွက်ခွင့် လက်မှတ်ကိုင်ဆောင်ထားသော စာချုပ်ဝင် နှစ်နိုင်ငံ၏ နိုင်ငံသားများနှင့် ကုန်ပစ္စည်းများ နယ်နိမိတ်ကို ဖြတ်ကျော်ရာတွင် မန်တိန်း(ချင်းရွှေဟော်)–ချင်းရွှေဟော် ၊ ဟွဂျိုး–ကန်ဘိုက်တီး၊ ကျုန်းဖန်–လွယ်ဂျယ်၊ နမ့်ဆန်–ရန်လုံကြိုင်၊ နောင်ဒါအို–နမ်းခမ်း လူဝင်/လူထွက် နေရာဌာနများမှတဆင့် ဖြတ်ကျော်ခွင့်ပြုရမည်။

၃။ စာချုပ်ဝင် နှစ်နိုင်ငံသည် ဤသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော လူဝင်/လူထွက် နေရာဌာနများအပြင် အခြားနေရာဌာနသစ်များကို အခြေအနေနှင့် အချိန်အခါ သင့်သော အခါတွင် ဖွင့်လှစ်ရေးကိစ္စအား သံတမန်ဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ဆုံးဖြတ်ကြရမည်။

၄။ ဤသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော လူဝင်/လူထွက် နေရာဌာနများမှ အလှမ်းကွာဝေးသော အရပ်ဒေသများ၌ နယ်နိမိတ်ပေါ် ယာယီဖြတ်သန်းခွင့် ပြုရာနေရာများ ထားရှိရန် လိုအပ်လာပါက ဒေသဆိုင်ရာ အာဏာပိုင်များသည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး သက်ဆိုင်ရာ အစိုးရများမှ အတည်ပြုပေးနိုင်ရန်အတွက် အစီရင်ခံစာ တင်သွင်းရမည်။

၅။ ယာယီနယ်စပ် ဖြတ်သန်းခွင့်ပြုရာ နေရာများအား စစ်ဆေးမှုများပြုလုပ်ရာတွင် တရားဝင် လူဝင်/လူထွက်နေရာဌာနများ၏ စည်းမျဉ်းများကို မှီငြမ်းကိုးကားရမည်။

၆။ အထက်တွင် ဖော်ပြထားသော လူဝင်/လူထွက်နေရာဌာနများ ဖွင့်လှစ်ခြင်း၊ ပိတ်ခြင်း နှင့် ယင်းနေရာဌာနများနှင့် အကျုံးဝင်သော လုပ်ငန်းတာဝန်များ ပြောင်းလဲမှုကို သံတမန်စာလွှာများ အပြန်အလှန်လဲလှယ်ခြင်းဖြင့် ဆုံးဖြတ်အတည်ပြုရမည်။

## အပိုဒ် ၂၂

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် မိမိတို့နှင့် သက်ဆိုင်ရာ နယ်စပ်ဒေသများတွင် တရားဥပဒေ နှင့်ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်။

၂။ တရားမဝင် နယ်စပ်ဒေသဖြတ်ကျော်မှု ကျူးလွန်သူများနှင့် နယ်စပ်ဒေသ၏ ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေသော သေးငယ်သည့် အခြားပြစ်မှုများ ကျူးလွန်သူများအား စာချုပ်ဝင်နှစ်နိုင်ငံ သည် ယင်းတို့၏ ပြည်တွင်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးမှုနှင့် သင့်လျော်သော အရေးယူမှုများ ပြုလုပ်ပြီးနောက် ကျူးလွန်သူတို့အား ယင်းတို့၏ မူရင်းနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ် ရမည်။ ပြန်လည်လွှဲပြောင်း ပေးခြင်းမပြုမီ ယင်းပြစ်မှုကျူးလွန် သူများ၏ အမည်၊ ဓါတ်ပုံ၊ အသေး စိတ် နေရပ်လိပ်စာများကို ယင်းတို့၏ မူရင်းနိုင်ငံများသို့ ပေးအပ်ရမည်။ စာချုပ်ဝင်နှစ်နိုင်ငံ၏ တာဝန်ရှိပုဂ္ဂိုလ်များမှ စိစစ်သဘောတူပြီးနောက် ပြစ်မှုကျူးလွန်သူများအား မူရင်းနိုင်ငံသို့ ပြန်လည် လွှဲပြောင်း ပေးမည့်နေရာနှင့် အချိန်တို့ကို စာချုပ်ဝင်နှစ်နိုင်ငံက ဆုံးဖြတ်သတ်မှတ်ပေးရမည်။ အခြား သက်ဆိုင်ရာ သက်သေခံ အထောက်အထားများကိုလည်း အခြားစာချုပ်ဝင်နိုင်ငံသို့ တစ်ပြိုင်နက် တည်း လွှဲပြောင်းပေးအပ်ရမည်။

၃။ အထက်ဖော်ပြပါ စာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း စာချုပ်ဝင် နှစ်နိုင်ငံသည် ပြစ်မှုကျူးလွန်သူများကို ပြန်လည်လွှဲပြောင်းပေးရေးနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် မှတ်တမ်းအား ပူးတွဲ လက်မှတ်ရေးထိုးရမည့်အပြင် စာချုပ်ဝင်နှစ်နိုင်ငံမှ သဘောတူညီသော အနီးကပ်ဆုံး လူဝင်/လူထွက် နေရာဌာနတွင် လွှဲပြောင်းရေးကိစ္စ ဆောင်ရွက်ရမည်။

## အပိုဒ် ၂၃

စာချုပ်ဝင်နစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင် ငြိမ်ဝပ်ပိပြားရေးကို တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှါ၊ စာချုပ်ဝင်နစ်နိုင်ငံသည် နယ်နိမိတ် ဖြတ်ကျော်၍ ပြစ်မှုကျူးလွန်မှုများအနက် မှောင်ခိုကုန်ကူးသန်းရောင်းဝယ်မှု၊ လက်နက်များနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှု၊ ဓါးပြတိုက်မှု၊ လုယက်မှု၊ ပြန်ပေးဆွဲမှု၊ သွေးဆောင်ဖြားယောင်းမှုနှင့် လူအရောင်းအဝယ်ပြုလုပ်မှု၊ လူသတ်မှု အစရှိသော ပြစ်မှုများ မပေါ်ပေါက်ရန် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် အဘက်ဘက်တွင် ပူးပေါင်းဆောင်ရွက်ကြရမည်။ တရား ဥပဒေစိုးမိုးရေးအတွက် တာဝန်ယူဆောင်ရွက်နေသော စာချုပ်ဝင်နစ်နိုင်ငံ၏ အာဏာပိုင်များသည် ဤကိစ္စအလို့ငှာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် အသေးစိတ်လုပ်ငန်း အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးရေးဆွဲကြရမည်။

၂။ စာချုပ်ဝင်တစ်နိုင်ငံသည် အခြားတစ်နိုင်ငံ၏ ပြစ်မှုကျူးလွန်သူများ နယ်စပ် ဒေသများတွင် ရောက်ရှိနေကြောင်း စုံစမ်းသိရှိရလျှင် အခြားစာချုပ်ဝင်နိုင်ငံအား ချက်ချင်း အကြောင်းကြားရမည့်အပြင် လိုအပ်ပါက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် လွှဲပြောင်းခြင်းတို့တွင် အခြားစာချုပ်ဝင်နိုင်ငံအား ပူးပေါင်းဆောင်ရွက် ပေးရမည်။

## အပိုဒ် ၂၄

စာချုပ်ဝင်နစ်နိုင်ငံသည် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ပြစ်မှုများအား တားဆီးနှိမ်နင်းရန် အရေးယူဆောင်ရွက်ရမည်။ စာချုပ်ဝင်နစ်နိုင်ငံသည် နယ်စပ်ဒေသများတွင် တရားမဝင် မူးယစ်ဆေးဝါးပင်များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းတို့အား စုံစမ်းစစ်ဆေးခြင်းနှင့် တားဆီးခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုအား တိုးချဲ့ဆောင်ရွက်ရမည်။ စာချုပ်ဝင်နစ်နိုင်ငံသည် တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓါတုဗေဒပစ္စည်းများ နယ်စပ်သို့ ဖြတ်သန်းသယ်ယူ ပို့ဆောင်ခြင်းအား တားဆီးရန်နှင့် နှိမ်နင်းရန် အရေးယူဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများ အတိအကျရရှိစေရန် တိုင်ပင်ညှိနှိုင်းခြင်းဖြင့် သီးခြားဆောင်ရွက်ရမည်။

## အပိုင်း ၆

## နယ်စပ်ဒေသကုန်သွယ်ရေး

### အပိုဒ် ၂၅

၁။ နယ်စပ်ဒေသတွင် စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရန်နှင့် စာချုပ်ဝင်နှစ်နိုင်ငံ၏ နယ်စပ်ဒေသတွင်နေထိုင်သူများအကြား ကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးပစ္စည်းများ အပြန်အလှန် ဖလှယ်မှု လွယ်ကူစေရန် ကိစ္စအလို့ငှာ စာချုပ်ဝင်နှစ်နိုင်ငံသည် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအပေါ် အခြေပြုလျက် နယ်စပ်ဒေသ ကုန်သွယ်ရေးအား တိုးချဲ့ရန် ဆောင်ရွက်ရမည်။

၂။ ၁၉၉၄ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့အကြား နားလည်မှု စာချွန်လွှာတွင်ပါရှိသည့် အခြေခံမှုများနှင့်အညီ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်ဒေသ ကုန်သွယ်ရေးဆောင်ရွက်ရန် အတိအကျ အစီအမံများနှင့် စပ်လျဉ်း၍ သီးခြားတိုင်ပင် ညှိနှိုင်းမှုများ ပြုလုပ်ရမည်။

၃။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ သင့်လျော်မည့် အချိန်တွင် ကူးပြောင်းရန် ကြိုးပမ်းအားထုတ်ရမည်။

### အပိုဒ် ၂၆

၁။ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ နယ်စပ် ဒေသ ကုန်သွယ်ရေးအား ဆောင်ရွက်ရမည်။

၂။ ဤသဘောတူစာချုပ်၏ အပိုဒ် ၂၁တွင် ပြဋ္ဌာန်းထားသည့် လူဝင်/လူထွက် နေရာဌာနများမှတဆင့် နယ်စပ်ဒေသကုန်သွယ်ရေးအတွက် ကုန်ပစ္စည်းများအား နှစ်နိုင်ငံ နယ်နိမိတ်အား ဖြတ်သန်း သယ်ယူပို့ဆောင်ရမည်။

၃။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာ နယ်စပ်ဒေသ ကုန်သွယ်ရေးအာဏာ ပိုင်များသည် နယ်စပ်ဒေသကုန်သွယ်ရေးအား စီမံခန့်ခွဲမှုတွင် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။

၄။ စာချုပ်ဝင်နှစ်နိုင်ငံ၏ ဒေသဆိုင်ရာ နယ်စပ်ဒေသကုန်သွယ်ရေး အာဏာပိုင်များသည် လိုအပ်လာသည့်အခါ အစည်းအဝေးများ ကျင်းပရမည့်အပြင် အစည်းအဝေးများအား တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တစ်လှည့်စီ ကျင်းပရမည်။

## အပိုင်း ၄

## အခြားသတ်မှတ်ပြဋ္ဌာန်းချက်များ

### အပိုဒ် ၂၇

၁။ ဤသဘောတူစာချုပ်အား အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်လည်းကောင်း လိုက်နာ ကျင့်သုံးခြင်းနှင့်လည်းကောင်း စပ်လျဉ်း၍ စာချုပ်ဝင် နစ်နိုင်ငံ၏ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာများအကြား အငြင်းပွားမှု ပေါ်ပေါက်ခဲ့ပါက ယင်းတို့သည် သက်ဆိုင်ရာအစိုးရများထံ ချက်ချင်း အစီရင်ခံရမည်၊ နစ်နိုင်ငံအစိုးရများက အငြင်းပွားမှုအား ချစ်ကြည်စွာ ဖြန်ဖြေပေးရန် ဆောင်ရွက်ပေးရမည်။

၂။ စာချုပ်ဝင်နစ်နိုင်ငံအစိုးရများသည် ဤစာချုပ်အတိုင်း လိုက်နာကျင့်သုံးခြင်းအား ပြန်လည်သုံးသပ်ရန် လိုအပ်သည့်အခါတွင် အစည်းအဝေးများ ကျင်းပရမည်။ ထို့ပြင် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် သက်ဆိုင်ရာဌာနများမှ တင်သွင်းသည့် ကိစ္စရပ်များအား တိုင်ပင်ညှိနှိုင်း၍ ဖြေရှင်းပေးရမည်။ ယင်းအစည်းအဝေးများ၏ အချိန်နှင့်နေရာအား သံတမန်ဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ဆုံးဖြတ်ရမည်။

### အပိုဒ် ၂၈

၁။ စာချုပ်ဝင်နစ်နိုင်ငံက ဤသဘောတူစာချုပ်အတည်ဖြစ်စေရန် လိုအပ်သော ဥပဒေကြောင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ဆောင်ရွက်ပြီးစီးကြောင်း စာဖြင့်အပြန်အလှန် အသိပေးအကြောင်းကြားသည့်နေ့ရက်မှ စတင်၍ အတည်ဖြစ်ရမည်။ ဤသဘောတူစာချုပ်သည် (၁၀)နှစ်ကာလအတွက် အတည်ဖြစ်လျက် ရှိနေရမည်။ ဤသဘောတူစာချုပ် သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ စာချုပ်ဝင်နိုင်ငံတစ်ခုခုမှ စာဖြင့်စာချုပ်အား ရပ်စဲလိုကြောင်း မေတ္တာရပ်ခံခြင်း မပြုလျှင် ဤသဘောတူစာချုပ်သည် (၁၀)နှစ်ဆက်တိုက် ပြည့်သည့်အခါတိုင်း အလိုအလျောက် သက်တမ်းတိုးသွားရမည်။

၂။ စာချုပ်ဝင်နစ်နိုင်ငံ၏ အပြန်အလှန် သဘောတူညီမှုအပေါ် အခြေခံ၍ ဤသဘောတူစာချုပ်အား ပြောင်းလဲပြင်ဆင်ရမည်။

ဤသဘောတူစာချုပ်အား ရန်ကုန်မြို့၌ ၁၉၉၇ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် မူရင်း(၂)စုံဖြင့်ပြုလုပ်၍ တရုတ်ဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ရေးသားချုပ်ဆိုပြီး၊ ယင်းစာမူသုံးခုစလုံး ထပ်တူထပ်မျှ တရားဝင်၍ မှန်ကန်သည်ချည်းဖြစ်သည်။ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် တရုတ်စာမူနှင့်မြန်မာစာမူအကြား ကွဲပြားခြားနားမှုရှိခဲ့ပါက အင်္ဂလိပ်စာမူသည် လွှမ်းမိုး၍ အတည်ဖြစ်ရမည်။

罗干

( လော်ဂန် )

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏

အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော

ကိုယ်စားလှယ်

( ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏

အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော

ကိုယ်စားလှယ်

## နှစ်နိုင်ငံနယ်စပ်ဒေသတွင် ပါဝင်သတ်မှတ်မည့်

## တရုတ်ဘက်မှကောင်တီများ/မြို့များနှင့် မြန်မာဘက်မြို့နယ်များစာရင်း

| တရုတ်ဘက် | မြန်မာဘက် |
|---|---|
| ချာယု | နောင်မွန်း |
| ကုန်ရှမ်း | ခေါင်လန်ဖူး |
| ဖုကုန်း | ဆော့လော် |
| လုရှေ | ချီဖွေ |
| ထိန်ချုံး | ဝိုင်းမော် |
| လုံးလင် | မိုးမောက် |
| ရင်ကျန်း | မံစီ |
| လုံးချွမ် | နမ့်ခမ်း |
| ဝမ်တိန် | မူဆယ် |
| ရွှေလီ | လောက်ကိုင် |
| လုရှီ | ကုန်းကျန်း |
| ကျန်းခန်း | ကွမ်းလုံ |
| ဂိန်မာ | ဟိုပန် |
| စန်းယွမ် | မိုင်းမော |
| လန်ဆန်း | ပန်ဝိုင် |
| ရှီးမုန် | နားဖန် |
| မုန်းလန် | ပန်ယန်း |
| မုန်းဟိုင် | မိုင်းယန်း |
| ကျိုင်းဟုံ | ကျိုင်းတုံ |
| မိုင်းလား | မိုင်းယောင်း |